# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# အမျိုးသားညီညွတ်ရေးအစိုးရ
# လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန

**ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ် (၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ဖြူဖြူလွင်၏ "လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန အနေဖြင့် အကြမ်းဖက်စစ်အုပ်စု၏ အကြမ်းဖက် လုပ်ရပ်များကြောင့် ထိခိုက်နစ်နာမှုများ ခံစားနေကြရသည့် ပြည်သူများအတွက် အမှန်တရားနှင့် တရားမျှတမှု ဖော်ဆောင်နိုင်ရေးအတွက် ပြည်တွင်းနှင့် နိုင်ငံတကာတွင် ဆောင်ရွက်နေသည်များကို သိလိုခြင်းနှင့် စပ်လျဉ်းသည့်မေးခွန်း" အပေါ် အမျိုးသားညီညွတ်ရေးအစိုးရ၊ လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးအောင်မျိုးမင်း၏ ဖြေကြားချက်**

( ၂၀၂၃ ခုနှစ် ၊ ဇန်နဝါရီလ ၃၀ ရက် )

**လေးစားအပ်ပါသော ပြည်ထောင်စုလွှတ်တော်နာယကကြီးနဲ့တကွ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား**

လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးအနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဒေါ်ဖြူဖြူလွင်ရဲ့ မေးခွန်းဖြစ်တဲ့ အကြမ်းဖက်စစ်အုပ်စုရဲ့ အကြမ်းဖက်လုပ်ရပ်များကြောင့် ထိခိုက်နစ်နာမှုများခံစားနေကြရတဲ့ ပြည်သူများအတွက် လုပ်ဆောင်နေတဲ့ အမှန်တရားနဲ့ တရားမျှတမှု ဖော်ဆောင်နိုင်ရေးဆိုင်ရာ ပြည်တွင်းနဲ့ နိုင်ငံတကာဆောင်ရွက်မှုများကို ဖြေကြားသွားမှာ ဖြစ်ပါတယ်။

လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာနကို စတင် တာဝန်ပေးအပ်ခံရကတည်းက တန်းတူ ညီမျှရေး၊ ငြိမ်းချမ်းရေးနဲ့ တရားမျှတမှုဖော်ဆောင်နိုင်ရေး တို့အတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကြိုးပမ်း လုပ်ဆောင်လျက်ရှိပါတယ်။

တရားမျှတမှုဖော်ဆောင်ရေးမှာ လူ့အခွင့်အရေးချိုးဖောက်မှု မှတ်တမ်းတင်ခြင်းဟာ အရေးကြီး လှတာကြောင့် လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာနက ချမှတ်ခဲ့တဲ့ လုပ်ငန်းစဉ်(၄)ရပ်ထဲမှာ အကြမ်းဖက်စစ်အုပ်စုရဲ့ လူ့အခွင့်အရေးချိုးဖောက်မှုများအား စနစ်တကျမှတ်တမ်းခြင်းဆိုတဲ့ လုပ်ငန်းစဉ်ကို ထည့်သွင်းချမှတ် လုပ်ဆောင်ခဲ့ပါတယ်။ ပြည်သူတွေကိုယ်တိုင်နဲ့ လူ့အခွင့်အရေး တက်ကြွလှုပ်ရှားသူ တွေကပေးပို့တဲ့ လူ့အခွင့်အရေးချိုးဖောက်မှု အဖြစ်အပျက်တွေကို အခြေခံပြီး အချက်အလက်များကို ကောက်ယူစုဆောင်းခဲ့ပါတယ်။ စတင်ဖွဲ့စည်းခဲ့တဲ့ ၂၀၂၁ ခုနှစ် ဧပြီလ (၂၀) ရက်နေ့ကစပြီး အမှန်တရားနဲ့ တရားမျှတမှုကို ဖော်ဆောင်လိုကြတဲ့ မြန်မာနိုင်ငံတဝှမ်းလုံးက

ပြည်သူတွေကနေ ပေးပို့တဲ့ လူ့အခွင့် အရေးချိုးဖောက်မှုအချက်အလက်ပေါင်း (၈)သောင်းကျော်ကို လက်ခံရရှိပါတယ်။ ဒီအထဲကမှ ပြည်တွင်း၊ ပြည်ပလူ့အခွင့်အရေးအဖွဲ့အစည်းများနဲ့ ပူးပေါင်းပြီး ကျူးလွန်ခံရတဲ့သူတွေကို တိုက်ရိုက် မေးမြန်းပြီး ဆက်လက်စုံစမ်းမှုလုပ်ဆောင်ခဲ့ပါတယ်။ ဒီလိုလုပ်ဆောင်ခဲ့မှုကြောင့် အကြမ်းဖက် စစ်ကောင်စီဟာ နိုင်ငံတကာရာဇဝတ်မှုတွေကို ကျူးလွန်နေတဲ့ ရာဇဝတ်သားတွေဖြစ်ကြောင်း သက်သေ ပြနိုင်တဲ့အမှုပေါင်း (၃၂၃၁)မှုကို လုံခြုံတဲ့ အချက်အလက်စုဆောင်းခြင်းစနစ် (documentation storage system)တခုအတွင်းမှာ ထည့်သွင်း သိမ်းဆည်းထားခဲ့ပြီး ဖြစ်ပါတယ်။ အဲဒီထဲမှာမှ နိုင်ငံတကာ ရာဇဝတ်တရားရုံးတွေမှာ တရားစွဲဆိုနိုင်လောက်တဲ့အထိ ခိုင်လုံတဲ့ အမှုပေါင်း(၁၂၆)မှုကိုလည်း မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော စုံစမ်းစစ်ဆေးရေးယန္တယား (IIMM)ထံ တင်သွင်းနိုင်ခဲ့ပါတယ်။

ခိုင်လုံတဲ့ သက်သေအထောက်အထားတွေ ရရှိဖို့အတွက် လူ့အခွင့်အရေးချိုးဖောက်မှု အချက်အလက်စုဆောင်းခြင်းဟာ အရေးပါသလို ဒီလိုဆိုးဝါးယုတ်မာလှတဲ့ လူ့အခွင့်အရေး ချိုးဖောက်မှုတွေဟာ နိုင်ငံတကာရာဇဝတ်မှု ကျူးလွန်မှုအဆင့်ထိ ရောက်ရှိနေပြီးဆိုတာ ကမ္ဘာကသိရှိအောင် တင်ပြဖို့လည်း လိုအပ်လှပါတယ်။ ဒါအတွက်ကြောင့် ချင်းပြည်နယ် မတူပီ၊ ထန်တလန်မြို့များကို မီးရှို့တိုက်ခိုက်မှု၊ စစ်ကိုင်းတိုင်းအတွင်း ဆိုးဝါးလှသော လူ့အခွင့်အရေး အခြေအနေ၊ ကရင်နီပြည်နယ်မှုဆိုကျေးရွာ အစုအလိုက်အပြုံလိုက်လူသတ်မှု၊ ဒီပဲယင်း လက်ယက်ကုန်းကျေးရွာ စာသင်ကျောင်းတိုက်ခိုက်မှု စတဲ့ ဖြစ်စဉ် (၄) ခုကို စုံစမ်းဖော်ထုတ်ပြီး သတင်းစာရှင်းလင်းပွဲနဲ့ သံတမန်များအား ဖိတ်ကြားရှင်းလင်းပွဲတွေ ကျင်းပပြီး ကမ္ဘာက အာရုံစိုက်လာအောင် လုပ်ဆောင်နိုင်ခဲ့ပါတယ်။ ဒီဖြစ်ရပ်တွေကို ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်နဲ့ လူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးတို့ အပါအဝင် နိုင်ငံများရဲ့တာဝန်ရှိ ပုဂ္ဂိုလ်များကနေ ထုတ်ဖော်ရှုတ်ချတဲ့အဆင့်ထိ ရောက်ရှိခဲ့ပါတယ်။

အကြမ်းဖက်စစ်အုပ်စုကို သံတမန်ရေး၊ နိုင်ငံရေး၊ စီးပွားရေးအရ ပိတ်ဆို့အရေးယူဖို့နဲ့ အကြမ်းဖက်ခံ ပြည်သူတွေအတွက် ထိရောက်တဲ့ ကူညီမှုတွေရရှိနိုင်ဖို့အတွက် ဌာနကို စတင်ဖွဲ့စည်းခဲ့ကတည်းကစပြီး လပေါင်း(၂၀)အတွင်းမှာ နိုင်ငံပေါင်း (၁၀)နိုင်ငံက ခေါင်းဆောင်များ၊ နိုင်ငံခြားရေးဝန်ကြီးနှင့် ဒုဝန်ကြီးများ၊ လူ့အခွင့်အရေးဆိုင်ရာ အထူး သံတမန်များနဲ့ လူချင်းတွေ့ဆုံမှု (၈၂)ကြိမ် တွေ့ဆုံခဲ့ပါတယ်။ ချက်သမ္မတနိုင်ငံ၊ ပြင်သစ်၊ နော်ဝေး၊ ဂျပန်၊ တောင်ကိုရီးယား၊ ဩစတြေလျ နိုင်ငံများက လွှတ်တော်ကိုယ်စားလှယ်များအပြင် ဥရောပသမဂ္ဂပါလီမန် (European Union) ခေါင်းဆောင်များနဲ့ လူကိုယ်တိုင် (၃၈) ကြိမ်၊ အွန်လိုင်းမှတဆင့် (၅၄) ကြိမ် တွေ့ဆုံခဲ့ပြီး အမှန်တရားနဲ့ တရားမျှတမှု ဖော်ဆောင်ရေးအတွက် ဝိုင်းဝန်းလက်တွဲ လုပ်ဆောင်ရန် တင်ပြခဲ့ပါတယ်။ ဥရောပသမဂ္ဂ ပါလီမန်မှာ အမျိုးသားညီညွတ်ရေးအစိုးရကို အသိအမှတ်ပြုကြောင်းနဲ့ တရားမျှတမှုအတွက် လုပ်ဆောင်ဖို့ အချက်တွေပါဝင်တဲ့ ဆုံးဖြတ်ချက် (EU Parliament Resolution) ကို ချမှတ်လာခဲ့ပါတယ်။

တနိုင်ငံချင်းတွေ့ဆုံမှုတွေအပြင် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီသို့ အထွေထွေ လူ့အခွင့် အရေးအခြေအနေအစီရင်ခံစာ၊ ရိုဟင်ဂျာပြည်သူများ၏ လူ့အခွင့်အရေးအခြေအနေ ဆိုင်ရာ အစီရင်ခံစာ၊ အကြမ်းဖက်စစ်အုပ်စု၏ လေကြောင်းတိုက်ခိုက်မှုနှင့် ရာဇဝတ်မှုများ အစီရင်ခံစာ နဲ့ အကြမ်းဖက်စစ်အုပ်စုရဲ့ စစ်ရာဇဝတ်မှုကျူးလွန်မှုအစီရင်ခံစာ စုစုပေါင်း (၄) စောင်ကို တင်သွင်းခဲ့ပြီးဖြစ်ပါတယ်။ တဆက်ထဲမှာပဲ မြန်မာနိုင်ငံလူ့အခွင့်အရေးစုံစမ်းရေး အထူးအရာရှိ မစ္စတာတွန်အင်ဒရူးအပါအဝင် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာ ယန္တယားတို့နဲ့ ချိတ်ဆက်ပြီး သတင်းမျှဝေခြင်းများနဲ့ မြန်မာနိုင်ငံအပေါ် ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရေး အတွက် တင်ပြ တိုက်တွန်းချက်များကို စဉ်ဆက်မပြတ်လုပ်ဆောင်နိုင်ခဲ့ပါတယ်။

ဒီလိုလုပ်ဆောင်မှုတွေကြောင့် ၂၀၂၁ ဖေဖော်ဝါရီလ (၁) ရက်နေ့ နောက်ပိုင်းမှာ လူ့အခွင့်အရေးကောင်စီအနေနဲ့ မြန်မာနိုင်ငံရဲ့ လူ့အခွင့်အရေးအခြေအနေနဲ့ ရိုဟင်ဂျာများနဲ့အခြား လူနည်းစုများဆိုင်ရာ လူ့အခွင့်အရေးအခြေအနေတို့နဲ့ ပတ်သက်တဲ့ ဆုံးဖြတ်ချက်(၄)ခုကို ချမှတ်ခဲ့ပါတယ်။ ဒီဆုံးဖြတ်ချက် တွေထဲမှာ ဆိုးဆိုးဝါးဝါးဖြစ်ပွားနေတဲ့ လူ့အခွင့်အရေး ချိုးဖောက်မှုတွေအတွက် တရားမျှတမှုပေါ်ပေါက် ဖို့အတွက် နိုင်ငံတကာက အရေးယူ လုပ်ဆောင်ပေးဖို့ တိုက်တွန်းချက်တွေ ပါဝင်လာခဲ့ပါတယ်။

လူ့အခွင့်အရေးကောင်စီရဲ့ ဆုံးဖြတ်ချက်အပေါ် အခြေခံပြီး ကုလသမဂ္ဂ အထွေထွေ ညီလာခံမှာ ဆုံးဖြတ်ချက် နှစ်ကြိမ်နဲ့ နှစ်ပေါင်း(၇၀)အတွင်း မြန်မာနိုင်ငံနဲ့ ပတ်သက်လို့ ပထမဆုံးချမှတ်ခဲ့တဲ့ လုံခြုံရေး ကောင်စီဆုံးဖြတ်ချက်အမှတ် (၂၆၆၉/၂၀၂၂)မှာလည်း အကြမ်းဖက် စစ်အုပ်စုရဲ့ လူ့အခွင့်အရေး ချိုးဖောက်မှုတွေအတွက် အမှန်တရားနဲ့တရားမျှတမှုတွေ ပေါ်ပေါက်ရန် ဆိုပြီး ထည့်သွင်းလာပါတယ်။

အခုလိုမျိုး နိုင်ငံတကာက အလေးထား လုပ်ဆောင်မှုတွေ တိုးတက်လာသလို တဖက်မှာလည်း အကြမ်းဖက်စစ်အုပ်စုအပေါ် နိုင်ငံအလိုက်အရေးယူဆောင်ရွက်မှုတွေ မြင့်တက်လာလျက် ရှိပါတယ်။ အကြမ်းဖက်စစ်အုပ်စုခေါင်းဆောင်တွေ၊ မိသားစုဝင်တွေနဲ့ ခရိုနီတွေကို ဥရောပသမဂ္ဂ၊ အမေရိကန်၊ ဗြိတိန်၊ ကနေဒါနဲ့ နယူးဇီလန်နိုင်ငံတွေက စီးပွားရေးပိတ်ဆို့မှုတွေကို တဆင့်ပြီးတဆင့် ချမှတ်လုပ်ဆောင်လျက်ရှိနေပါပြီ။

ဒါ့အပြင် နိုင်ငံတကာရာဇဝတ်မှုတွေ ကျူးလွန်နေတဲ့ အကြမ်းဖက်စစ်အုပ်စုကို နိုင်ငံရဲ့ တရားစီရင်ပိုင်ခွင့်ကို အသုံးချပြီးတရားစွဲနိုင်ဖို့ Universal Jurisdiction လုပ်ငန်းစဉ်ကို အသုံးပြုလုပ်ဆောင်နေတဲ့ နိုင်ငံတွေကလည်း တိုးပွားလာနေပါပြီ။ အာဂျင်တီးနား၊ တူရကီ၊ ဂျာမနီ စတဲ့နိုင်ငံတွေမှာ အကြမ်းဖက်စစ်အုပ်စုကို စတင်တရားစွဲဆိုနေပြီး နောက်ထပ် အင်ဒိုနီးရှား၊ ဩစတေးလျနဲ့ ဖိလစ်ပိုင်နိုင်ငံတို့မှာလည်း Universal Jurisdiction နဲ့အညီ တရားစွဲဆိုနိုင်ဖို့ ဆက်လက် ကြိုးပမ်းလျက် ရှိပါတယ်။ ဒီလိုတရားစွဲဆိုမှု လုပ်ငန်းစဉ်တွေမှာ ဝန်ကြီးဌာနအနေနဲ့ တိုင်ပင်ညှိနှိုင်းခြင်း၊ အချက်အလက်များ ပံ့ပိုးပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။

အကြမ်းဖက်စစ်အုပ်စုကျူးလွန်ခဲ့တဲ့ နိုင်ငံတကာရာဇဝတ်မှုတွေကို အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ခုံရုံး(ICC)မှာ တင်သွင်းအရေးယူနိုင်ဖို့အတွက် ရောမသဘောတူစာချုပ် (Rome Statute)ရဲ့

ပုဒ်မ ၁၂(၃)နှင့်အညီ ICC ၏ တရားစီရင်မှုကို လက်ခံကြောင်း အမျိုးသားညီညွတ်ရေးအစိုးရက ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ(၁၇)ရက်မှာ တင်သွင်းပြီး အမှန်တရားနဲ့တရားမျှတမှုကို လိုလားကြောင်း ပြသခဲ့ပါတယ်။

အပြည်ပြည်ဆိုင်ရာတရားရုံး((ICJ)မှာ ရိုဟင်ဂျာပြည်သူများအပေါ် လူမျိုးတုန်းသတ်ဖြတ်မှုနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံနဲ့ ဂန်ဘီဘာနိုင်ငံတို့အကြား တရားရင်ဆိုင်နေဆဲဖြစ်တဲ့အမှုမှာ ကနဦးကန့်ကွက်ခဲ့မှုအားလုံးကို ပြန်လည်ရုတ်သိမ်းကြောင်း အမျိုးသားညီညွတ်ရေးအစိုးရအနေနဲ့ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ (၁) ရက်နေ့မှာ အကြောင်းကြားနိုင်ခဲ့ပါတယ်။

**လေးစားအပ်ပါသော ပြည်ထောင်စုလွှတ်တော်နာယကကြီးနဲ့တကွ ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား**

လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာနဟာ အကြမ်းဖက်စစ်ကောင်စီကို အမြန်ဆုံးအရေးယူပြီး အမှန်တရားနဲ့ တရားမျှတမှုဖော်ဆောင်ရေးအတွက် အရေးပါလှတဲ့ လူ့အခွင့်အရေးချိုးဖောက်မှုမှတ်တမ်းတင်ခြင်းကို အခြေတည်လုပ်ဆောင်လျက်ရှိပါတယ်။ တဖက်မှာလည်း နိုင်ငံတကာအစိုးရများ၊ လွှတ်တော်များနဲ့တွေ့ဆုံကာ တိုက်တွန်းပြောဆိုမှုများ လုပ်ဆောင်လျက်ရှိပါတယ်။ ထို့အတူပဲ နိုင်ငံတကာလူအခွင့်အရေးယန္တယားနဲ့ ရာဇဝတ်မှုယန္တယားတွေကို အသုံးချပြီး တရားမျှတမှုကို ဆောင်ကြဉ်းနိုင်ဖို့ အပတ်တကုတ်ကြိုးပမ်းလျက်ရှိပါကြောင်း တင်ပြရင်း ကျွန်တော့်ရဲ့ဖြေကြားမှုကို နိဂုံးချုပ်အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

အရေးတော်ပုံအောင်ရမည်။

လူ့အခွင့်အရေးဆိုင်ရာဝန်ကြီးဌာန
အမျိုးသားညီညွတ်ရေးအစိုးရ